ပုံစံ (၁၁)

# ခုံသမာဓိကောင်စီ

## ခုံအဖွဲ့၏ ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃ (စ) }

## ခုံအဖွဲ့

၂၀၂၀ ပြည့်နှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ် (၁၁/၂၀၂၀)

| | |
|---|---|
| Mr. Loush Idao (အလုပ်ရှင်)၊<br>ဒေါ်ဖြူဖြူခိုင် (အလုပ်ရှင်၏ဇနီး)<br>ရှင်းယန်အိတ်ချုပ်စက်ရုံ၊ အမှတ်(၀၀၆)၊<br>ဘုန်းကြီးကျောင်းလမ်း၊ ရွှေလင်ပန်း (၂၆)ရပ်ကွက်၊<br>လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဦးစိုးအောင်ပါ အလုပ်သမား (၂၀)ဦး၊<br>လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ။ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၃ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်း (၂၆)ရပ်ကွက်၊ ဘုန်းကြီးကျောင်းလမ်း၊ အမှတ် (၀၀၆)ရှိ Mr. Loush Idao (အလုပ်ရှင်)၊ ဒေါ်ဖြူဖြူခိုင် (အလုပ်ရှင်၏ဇနီး)၊ ရှင်းယန်အိတ်ချုပ်စက်ရုံနှင့် ဦးစိုးအောင် ပါ အလုပ်သမား (၂၀)ဦးတို့အကြား ဖြစ်ပွားသော အငြင်းပွားမှုအား လှိုင်သာယာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိ

သဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ထိုအငြင်းပွားမှုကို အငြင်းပွားမှုအမှတ် (၁/၂၀၂၀) အရ ကြားနာစစ်ဆေးပြီး ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၂။ ဤအငြင်းပွားမှုသည် တောင်းဆိုသူ ဦးစိုးအောင်ပါ အလုပ်သမား (၂၀)ဦးတို့မှ တောင်းဆိုခြင်းခံရသူ Mr. Loush Idao (အလုပ်ရှင်)၊ ဒေါ်ဖြူဖြူခိုင် (အလုပ်ရှင်၏ဇနီး)၊ ရှင်းယန်အိတ်ချုပ်စက်ရုံထံတွင် အလုပ်ရုံပိတ်သိမ်းသည့်ကိစ္စနှင့်စပ်လျဉ်း၍ ရရန်ရှိသော ခံစားခွင့်များကို တောင်းဆိုသည်မှ အစပြုဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်စဉ်ဖြစ်ပါသည်။

၃။ ထိုတောင်းဆိုချက်များအပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက် (၂) ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူ Mr. Loush Idao (လောင်စစ်ထောင်) (အလုပ်ရှင်)၊ ဒေါ်ဖြူဖြူခိုင် (အလုပ်ရှင်၏ဇနီး)၊ ရှင်းယန်အိတ်ချုပ်စက်ရုံမှ အောက်ပါကောက်ချက်အပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်များကို ကျေနပ်မှုမရှိ၍ ပြင်ဆင်မှုလျှောက်ထားလာခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** ရှင်းယန်အိတ်ချုပ်စက်ရုံ၏ အလုပ်ရှင်မည်သူဖြစ်သည်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** ရှင်းယန်အိတ်ချုပ်စက်ရုံ၏ အလုပ်ရှင်မှာ လောင်စစ်ထောင်ဖြစ်သည်ဟု ဆုံးဖြတ်သည်။

**ကောက်ချက်အမှတ်(၂)။** ဦးစိုးအောင်ပါ အလုပ်သမား (၂၀)ဦးတို့ အလုပ်ရပ်စဲမှုနစ်နာကြေးရထိုက်/မရထိုက်။

**ဆုံးဖြတ်ချက်အမှတ်(၂)။** ဦးစိုးအောင်ပါ အလုပ်သမား (၁၉)ဦးအတွက် အလုပ်ရုံပိတ် နို့တစ်ကြေး ၁ လစာစီကို တစ်လလုပ်ခ ၁၄၄၀၀၀ိ/- နှုန်းဖြင့်လည်းကောင်း၊ စုပါကို ၃၃၀၀၀၀ိ/- နှုန်းဖြင့်လည်းကောင်း၊ စုစုပေါင်း ၃၀၆၆၀၀၀ိ/- (သိန်းသုံးဆယ်ခြောက်သောင်းခြောက်ထောင်တိတိ)အား အောက်ပါအတိုင်း ပေးရန် ဆုံးဖြတ်သည်။

| စဉ် | အမည် | နစ်နာကြေး | စဉ် | အမည် | နစ်နာကြေး |
|---|---|---|---|---|---|
| ၁။ | ဒေါ်မြတ်နိုးသူ (စုပါ) | ၃၃၀၀၀၀ိ/- | ၁၁။ | ဒေါ်ဝါဝါခိုင် | ၁၄၄၀၀၀ိ/- |
| ၂။ | ဦးစိုးအောင် | ၁၄၄၀၀၀ိ/- | ၁၂။ | ဒေါ်တင်တင်ဝင်း | ၁၄၄၀၀၀ိ/- |
| ၃။ | ဦးနေသူရဦး | ၁၄၄၀၀၀ိ/- | ၁၃။ | ဦးရှိုင်းမင်းသား | ၁၄၄၀၀၀ိ/- |
| ၄။ | ဒေါ်စိုးစိုးသန်း | ၁၄၄၀၀၀ိ/- | ၁၄။ | ဦးသီဟဇော် | ၁၄၄၀၀၀ိ/- |
| ၅။ | ဒေါ်မြင့်မြင့်အောင် | ၁၄၄၀၀၀ိ/- | ၁၅။ | ဦးပြည့်ဖြိုးလွင် | ၁၄၄၀၀၀ိ/- |
| ၆။ | ဒေါ်သဲစုလှိုင် | ၁၄၄၀၀၀ိ/- | ၁၆။ | ဒေါ်မြပွင့်ဖြူ | ၁၄၄၀၀၀ိ/- |
| ၇။ | ဒေါ်စုစုထွေး | ၁၄၄၀၀၀ိ/- | ၁၇။ | ဒေါ်ကေသွယ် | ၁၄၄၀၀၀ိ/- |
| ၈။ | ဒေါ်မိုးစန္ဒာဝင်း | ၁၄၄၀၀၀ိ/- | ၁၈။ | ဒေါ်မူမူအေး | ၁၄၄၀၀၀ိ/- |
| ၉။ | ဒေါ်ထက်ထက်အောင် | ၁၄၄၀၀၀ိ/- | ၁၉။ | ဒေါ်ယဉ်ယဉ်ထွေး | ၁၄၄၀၀၀ိ/- |
| ၁၀။ | ဒေါ်မြနှင်းဝေ | ၁၄၄၀၀၀ိ/- | ၂၀။ | ဒေါ်စိုးစိုးငွေ | ၁၄၄၀၀၀ိ/- |

၄။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၁/၂၀၂၀) ဆုံးဖြတ်ချက် အပေါ်တွင် ကျေနပ်မှုမရှိ၍ အလုပ်ရှင်ဘက်မှ ခုံသမာဓိကောင်စီသို့ ပြင်ဆင်မှုလျှောက်ထားလာသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၊ အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၂၀)၊ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၂ ရက် နေ့စွဲဖြင့် ခုံသမာဓိကောင်စီ၊ အငြင်းပွားမှုအမှတ် (၁၁/၂၀၂၀) အား ကြားနာစစ်ဆေးမည့် ဝန်ကြီးဌာနကိုယ်စားလှယ် ဦးသောင်းစိန်၊ အလုပ်ရှင်ကိုယ်စားလှယ် ဦးထွန်းအောင်၊ အလုပ်သမားကိုယ်စားလှယ် ဦးရဲကျော်သူ တို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၅။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အမှုတွဲကို လက်ခံရရှိပြီးနောက် ၁၃-၃-၂၀၂၀ ရက်နေ့တွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့နှင့် ခုံသမာဓိအဖွဲ့တို့မှ လွှဲပြောင်းပေးပို့တင်ပြလာသည့် မှတ်တမ်းများ၊ စာရွက်စာတမ်း၊ အထောက်အထားများ၊ လျှောက်ထားသူနှင့် လျှောက်ထားခြင်းခံရသူတို့၏

တောင်းဆိုလွှာ၊ ချေပလွှာများ၊ နှစ်ဖက် ထွက်ဆိုချက်များအပေါ် အခြေခံ၍ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့မှ အငြင်းပွားမှုဖြစ်စဉ်နှင့် ပတ်သက်၍ စစ်ဆေးဆောင်ရွက်ခဲ့ကြပါသည်။

**ကောက်ချက်အမှတ်(၁)။** ဦးစိုးအောင်ပါ အလုပ်သမား (၂၀)ဦးတို့၏ အလုပ်ရှင်ထံမှ အလုပ်ရုံပိတ်နို့တစ်ကြေးရသင့်/ မရသင့်။

**<u>စစ်ဆေးတွေ့ရှိချက်များ</u>**

၆။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် ယခင်ဖွဲ့စည်းထားခဲ့သည့် ခုံအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သန်း (ဝန်ကြီးဌာနကိုယ်စားလှယ်)၊ အဖွဲ့ဝင် ဦးထွန်းအောင် (အလုပ်ရှင်ကိုယ်စားလှယ်)၊ အဖွဲ့ဝင် ဦးရဲကျော်သူ (အလုပ်သမားကိုယ်စားလှယ်)တို့ဖြင့် ဖွဲ့စည်းခဲ့သော ခုံအဖွဲ့မှ ဥက္ကဋ္ဌ ဦးအောင်သန်းသည် အကြောင်းအမျိုးမျိုးကြောင့် နုတ်ထွက်သွားပါ၍ ခုံအဖွဲ့ဥက္ကဋ္ဌ ဦးသောင်းစိန်အား ဖြည့်စွက်ခန့်ထားခဲ့ပြီး အငြင်းပွားမှုဖြစ်စဉ်ကို အမြန်ဆုံး အရေးယူဆောင်ရွက်နိုင်ရန်အတွက် ဆောင်ရွက်ခဲ့ကြပါသည်။

၇။ သို့ဖြစ်ရာ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် ၁၃-၃-၂၀၂၀ ရက်နေ့တွင် အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက်တို့ကို ခေါ်ယူစစ်ဆေးရန် ဆောင်ရွက်ခဲ့ပြီး အလုပ်သမားများဘက်မှ ဦးသီဟဇော်နှင့် ဒေါ်သင်းသင်းအေးတို့အား ကိုယ်စားလှယ်လွှဲစာဖြင့် လွှဲအပ်ခဲ့ပြီး အမှုဖြစ်စဉ်များကို အသေးစိပ်စစ်ဆေးခဲ့ပါသည်။ အလုပ်ရှင်အနေဖြင့် ၃ ကြိမ်တိုင်တိုင် ချိန်းဆိုသည်ကို လာရောက်ခြင်းမပြုခဲ့ပါသော်လည်း အလုပ်လက်မဲ့ အလုပ်သမားတို့၏ အရေးကိစ္စများကို စာနာထောက်ထား၍ အကြိမ်ကြိမ် အလုပ်ရှင်ကိုယ်တိုင် လာရောက်ခြင်းမရှိ ပျက်ကွက်သည့် ဖြစ်ရပ်သာဓကများကို မှတ်ယူပြီး ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ၊ ပုဒ်မ ၂၃(က)ကို ကျင့်သုံးလျက် အငြင်းပွားမှုဖြစ်စဉ် ပြေငြိမ်းရေးကို ဦးတည်ဆောင်ရွက်ခဲ့ပါသည်။ အလုပ်သမားများမှလည်း ယခုအမှုဖြစ်စဉ်သည် ကြာမြင့်ပြီဖြစ်ပြီး မိမိတို့ အလုပ်လက်မဲ့ဘဝဖြင့် ကြုံရာကျပန်းလုပ်ငန်းများကို လုပ်ကိုင်နေရသဖြင့် အမှုပြေငြိမ်းရေးကို အမြန်ဆုံးဆောင်ရွက် ပေးစေလိုကြောင်းနှင့် ခုံသမာဓိကောင်စီ၏ ဆုံးဖြတ်ချက်အတိုင်း လိုက်နာမည်ဖြစ်ပါကြောင်း တင်ပြခဲ့ပါသည်။

၈။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့၏ ရှေ့မှောက်တွင် အလုပ်သမားများ၏ ထွက်ဆိုချက်အရ ၎င်းတို့သည် ခုံသမာဓိအဖွဲ့မှ ချမှတ်ဆုံးဖြတ်ခဲ့သည့်အတိုင်း သက်ဆိုင်ရာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနသို့ လုပ်ခကျန်ငွေ၊ အချိန်ပိုကြေးများ ရရှိရေးဆောင်ရွက်ခဲ့ရာ ယခုအခါ ရရှိပြီးဖြစ်ပါကြောင်းနှင့် ကျန်ရှိနေသည့် အလုပ်ရုံပိတ်နို့တစ်ကြေး ခံစားခွင့်ကို ပေးရန်ကျန်ရှိနေ၍ ယခုကဲ့သို့ လာရောက်တင်ပြထွက်ဆိုရခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့မှ ဆုံးဖြတ်ထားခဲ့သော ဆုံးဖြတ်ချက်အတိုင်း အလုပ်ရုံပိတ် နို့တစ်ကြေးများကို ခံစားခွင့်ပြုနိုင်ရေးအတွက် ထပ်လောင်းတင်ပြအပ်ပါကြောင်း မိမိတို့ အလုပ်သမားများအနေဖြင့် ဝင်ငွေမရှိသော်လည်း ယခုကဲ့သို့ အမှုဖြစ်စဉ်ဖြေရှင်းနိုင်ရေးအတွက် ငွေကြေးချို့တဲ့မှုကြားမှ လာရောက်ရသည့်အတွက် အလေးအနက်ပြုတင်ပြလိုပါကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါသည်။ စစ်ဆေးတွေ့ရှိချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်များသည် ဥပဒေကို ဆန့်ကျင်မှုမရှိဘဲ သင့်လျော်ညီညွတ်သည်ဖြစ်၍ အလုပ်သမားများ၏ ခံစားခွင့်ဖြစ်သော အလုပ်ရုံပိတ်နို့တစ်ကြေးပေးသင့်ကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါသည်။

<u>သုံးသပ်ချက်</u>

၉။ အလုပ်သမားများ၏ ထွက်ဆိုချက်တွင် ပါရှိသော လောင်စစ်ထောင်သည် အလုပ်ရှင်ဖြစ်ကြောင်းနှင့် လက်ရှိမိမိတို့ လုပ်ကိုင်ခဲ့သော အလုပ်ရုံနံဘေးတွင် လုပ်ငန်းတစ်ခု ဖွင့်လှစ်လည်ပတ်လုပ်ကိုင်လျက်ရှိသည်ကို တွေ့ရ၍ မိမိတို့ရသင့်ရထိုက်သော ခံစားခွင့်များကို အလုပ်ရှင်မဟုတ်လေဟာန် ရှုပ်ထွေးအောင်ပြုမှုပြီး ယခုကဲ့သို့ ရုံးအသီးသီးသို့ လာရောက်၍ မှန်ကန်စွာထွက်ဆိုခြင်းမရှိဟု ယုံကြည်ကြောင်း အလုပ်သမားများတင်ပြချက်သည် ဖြစ်ကောင်းဖြစ်နိုင်ဖွယ်ရှိ၍ ဆင်ခြင်တုံတရားဖြင့် ၎င်းအလုပ်ရှင် လောင်စစ်ထောင်အား အလုပ်သမားများသို့ ပေးရန်ရှိသည့် အလုပ်ရုံပိတ်နို့တစ်ကြေးများကို ပေးအပ်စေရန်အတွက် ဆုံးဖြတ်ခဲ့သော ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်သည် ဥပဒေနှင့်အညီ သင့်လျော်ညီညွတ်မှုရှိသည်ဖြစ်၍ အတည်ပြုသင့်ကြောင်း သုံးသပ်ရရှိသည်။

၁၀။ သို့ဖြစ်၍ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး နည်းဥပဒေ ၂၃(င)အရ အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်-

**ဆုံးဖြတ်ချက်အမှတ်(၁)။** ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ၁၃-၂-၂၀၂၀ ရက်စွဲပါ အငြင်းပွားမှုအမှတ် (၁/၂၀၂၀) ဆုံးဖြတ်ချက်ကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် ချမှတ်သည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၁၁။ အထက်ပါဆုံးဖြတ်ချက်အရ ပေးရန်တာဝန်ရှိသည့်ငွေများကို ရက်ပေါင်း ၃၀အတွင်း ပေးရမည်။ ငွေပေးရန်ပျက်ကွက်လျှင် အဆိုပါငွေကို အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၉ အရ မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

ဦးထွန်းအောင်
အဖွဲ့ဝင်

ဦးသောင်းစိန်
ဥက္ကဋ္ဌ

ဦးရဲကျော်သူ
အဖွဲ့ဝင်